**CEO Conference 2018 တွင်**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**
**အမှာစကား ပြောကြားနိုင်ပါရန် အချက်အလက်များ**
**၂၀၁၈ ခုနှစ် မေလ ၁၁ ရက် ( သောကြာနေ့)**

- ယနေ့အခမ်းအနားသို့ ကြွရောက်လာပါသော တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ နိုင်ငံတကာ သံရုံးများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင် ကြီးများ ၊ သက်ဆိုင်ရာနယ်ပယ် အသီးသီးမှ ပညာရှင်များ၊ မီဒီယာများမှ ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။
- ယနေ့အခမ်းအနားမှာ တက်ရောက်အမှာစကားပြောကြားခွင့်ရတဲ့အတွက် အလွန် ဝမ်းသာမိပါတယ်။
- ယနေ့အခမ်းအနားဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဌာနတစ်ခုဖြစ်တဲ့ ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနှင့် 7Day TV တို့ပူးပေါင်း၍ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် စိန်ခေါ်မှုများ နှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံရှိ အဆင့်မြင့်အစိုးရ အရာရှိကြီးများ၊ ကဏ္ဍအလိုက် အထင်ကရ ပုဂ္ဂိုလ်များ ၊ ထိပ်သီးအမှုဆောင် အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင် ကြီးများ စုစည်းပြီးဆွေးနွေးနိုင်ရေး ရည်ရွယ်ကျင်းပတာလည်း ဖြစ်ပါတယ်။

- အစိုးရဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပြီး ကဏ္ဍအလိုက် ခေါင်းစဉ်တစ်ခုချင်းစီအလိုက် အမြင်ချင်းဆွေးနွေးကြမှာ ဖြစ်တဲ့အတွက် ဒီနေ့ CEO Conference လို ဆွေးနွေးပွဲကြီးမျိုးဟာ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုအတွက် တစ်ကယ်ကို အရေးတကြီးလိုအပ်နေတဲ့ ဆွေးနွေးပွဲပဲ ဖြစ်ပါတယ်။
- ယခုလို ဆွေးနွေးပွဲကြီးမျိုး 7Day TV က နှစ်စဉ်နှစ်တိုင်းမှာ ကျင်းပသွားရေး အစီအစဉ်ရှိတယ်လို့ သိရတဲ့အတွက်လည်း ဝမ်းသာ မိပါတယ်။
- အခုလို အစိုးရဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ထိပ်သီးလုပ်ငန်းရှင်များ တွေ့ဆုံတဲ့ အခမ်းအနားမျိုးမှာ ယခုလိုဆွေးနွေးခွင့်ရတဲ့အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအတွက် အတွေးအမြင်သစ်များ ပေါ်ထွက်လာနိုင်မယ်လို့လည်း ယုံကြည် မျှော်လင့်ပါတယ်။
- အားလုံးသိကြတဲ့အတိုင်း တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာဟာ အဓိကမောင်းနှင်အားဖြစ်တဲ့ စီးပွားရေးလုပ်ငန်းများရဲ့ အခန်းကဏ္ဍကလည်း များစွာ အရေးကြီးပါတယ်။
- ယနေ့ဆွေးနွေးပွဲဟာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက်လည်း ရည်ရွယ်ထား တာတွေ့ရပါတယ်။ နိုင်ငံတစ်ဝှမ်း အချိုးညီ မျှတစွာဖွံ့ဖြိုးတိုးတက်ရေးကို ရရှိရန်အတွက် ရင်းနှီး မြှုပ်နှံမှုတွေဟာ မြို့ကြီးတွေမှာ သာမကပဲ နယ်စပ်ဒေသ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိပါ စီးဝင်ဖို့ လိုအပ်ပါတယ်။ ယနေ့တက်ရောက်လာတဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ အနေဖြင့်လည်း မိမိတို့ဒေသအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရှင်းပြ

ဖိတ်ခေါ်နိုင်မှာ ဖြစ်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအတွက် အားတက်စရာဖြစ်ပါတယ်။

**လေးစားအပ်ပါသော လူကြီးမင်းများခင်ဗျား**

- နိုင်ငံတော် အစိုးရမှ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲ မှုများ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာရေးတွက် ခေတ်မီဖွံ့ဖြိုးသည့် ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်လာစေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ယင်းကြိုးပမ်း ဆောင်ရွက်မှုများကိုနိုင်ငံတကာမှ အသိမှတ်ပြုပြီးမြန်မာနိုင်ငံဟာစီးပွားရေး အခွင့်အလမ်းနေရာသစ် တခုအဖြစ် အသိအမှတ်ပြုခဲ့ကြပါတယ်။

**လေးစားအပ်ပါသော လူကြီးမင်းများခင်ဗျား**

- မြန်မာနိုင်ငံဟာ ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက် လျက်ရှိရာ အာရှနိုင်ငံများအနက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရာ ဒေသတစ်ခုအဖြစ် ရပ်တည်လာနိုင်ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာထွန်းသစ်စ နိုင်ငံတစ်နိုင်ငံ ဖြစ်တာနဲ့အညီ အလုပ်အကိုင် အခွင့်အလမ်းများပေါ်ထွန်းစေရေး၊ နည်းပညာရရှိရေးနှင့် အရင်းအနှီး ရရှိရေးတို့မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဟာ အဓိက ရေးပါတဲ့ လိုအပ်ချက် တစ်ခု ဖြစ်နေပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံစီးပွားရေး မူဝါဒများ အောင်မြင် ရန်အတွက်လည်း အရေးပါတဲ့ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ သို့ဖြစ်ရာ ရင်းနှီမြှုပ်နှံမှု ဆွဲဆောင်ရာဒေသ ဖြစ်ထွန်း လာစေရန် ဆိုတဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရေး ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်း ဖြစ်ထွန်း စေရေး

အတွက် မက်ခရိုစီးပွားရေးစနစ် ခိုင်မာအားကောင်းစေရန် အတွက်လည်း ပြုပြင် ပြောင်းလဲမှုများစွာကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

- ဒါ့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံကျသည့်အပြင် မက်ခရိုစီးပွားရေးစနစ် တည်ငြိမ်စေရေး၊ စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေရေး အတွက် အလွန်အရေးပါပါတယ်။ ဒါ့ကြောင့် နိုင်ငံတော် အစိုးရအနေနဲ့ ပွင့်လင်းမြင်သာသည့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများနှင့် ကောင်းမွန်သည့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်လျက် ရှိပါတယ်။
- ယခုလိုဆောင်ရွက်ခဲ့သည့်အတွက် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့ မှ ၂၇ ရက်နေ့ထိ ကျင်းပပြုလုပ်သည့် Investment Competitiveness Forum တွင် ကမ္ဘာ့ဘဏ်အုပ်စု ( The World Bank Group) မှ မြန်မာနိုင်ငံတော်အစိုးရအား "Star Reformers Award" ကို ချီးမြှင့်ခဲ့ပါတယ်။ အဆိုပါ Star Reformers Award ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာအောင် ဆွဲဆောင်နိုင်ခြင်း၊ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများလွယ်ကူရှင်းလင်းအောင် ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမှ နည်းပညာများ ပြည်တွင်း လုပ်ငန်းများသို့ လွှဲပြောင်းရရှိစေခြင်းနှင့်ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာမှ အသိအမှတ် ပြုရလောက်အောင် အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းအစရှိသည့် အချက်များ ကို အခြေခံပြီး ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။

**လေးစားအပ်ပါသော လူကြီးမင်းများခင်ဗျား**

- နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအား ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာဒေသ တစ်ခုအဖြစ် နိုင်ငံတကာမျက်နှာစာတွင် ဖြစ်ထွန်းလာစေရေးအတွက် နည်းလမ်း အသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

- နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ဒီနေ့ CEO Confrence 2018 ဆွေးနွေး ပွဲခန်းမကြီးထဲမှာ ရောက်ရှိနေတဲ့ ပုဂ္ဂိုလ်တွေ အားလုံးဟာ တိုင်းပြည်ရဲ့ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ထောင့်တစ်နေရာ ကနေပါဝင်ပေးနေကြသူများဖြစ်တဲ့အတွက်အားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလို ပါတယ်။